# ယနေ့မြန်မာ အယ်ဒီတာ ဦးမြင့်လှိုင်ရဲ့ မိတ်ဆွေများသို့ ပေးစာ

ယနေ့မြန်မာရဲ့ ပရိသတ်များအားလုံး၊ မိတ်ဆွေများအားလုံးကို မင်္ဂလာပါလို့ ဦးစွာ ပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်တို့အနေနဲ့ ယနေ့မြန်မာ (Burma Today) အင်တာနက်စာမျက်နှာများကို မြန်မာပြည်ဆိုင်ရာသတင်းများ အချိန်နဲ့ တပြေးညီ ဖန်ရှုနိုင်ရန်အတွက် ၂၀၀၁ ခုနှစ်က စတင်ပြီး ဖန်တီးခဲ့ကြပါတယ်။ အဲဒီလို ဖန်တီးတဲ့အခါ မြန်မာပြည်သူများရဲ့ အသိအမြင်၊ တွေးခေါ်မှုနဲ့ ဖန်တီးနိုင်မှု စွမ်းအားများ တိုးတက်လာစေရန်၊ မြန်မာစာပေနဲ့ ယဉ်ကျေးမှုကို ရေရှည် တည်တံ့စေရန်၊ ပြည်သူ့သတင်းထောက်များရဲ့ အခန်းကဏ္ဍ တိုးမြင့်လာစေရန် စတဲ့ ရည်ရွယ်ချက်များနဲ့ ဆောင်ရွက်နေသလို မြန်မာ့လူ့ဘောင်ကို အထောက်အပံ့ ပြုနိုင်ရန်အတွက် အမြဲ ရည်ရွယ် ကြိုးစားခဲ့ကြ၊ ကြိုးစားနေဆဲ ဖြစ်ပါတယ်။

ယနေ့မြန်မာ (Burma Today) အဖွဲ့ဟာ မကြာမီကာလအတွင်းမှာ ဆယ်နှစ်ပြည့်မြောက်တော့မှာ ဖြစ်ပါတယ်။ ဒီ ခရီးလမ်းမှာ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေ ပြည့်နှက်နေခဲ့သော်လည်း ကျွန်တော်တို့ အဖွဲ့သားများအားလုံးရဲ့ မမိုတ်မသုန်တဲ့ ယုံကြည်ချက်၊ ရည်မှန်းချက်၊ လုံ့လဝိရိယတွေ၊ ကူညီဆောင်ရွက်ပေးတဲ့ မိတ်ဆွေများရဲ့ မေတ္တာ၊ စေတနာ၊ အကြံဉာဏ်၊ အကူအညီတွေကြောင့် အခက်အခဲတွေကို အောင်မြင်အောင် ကျော်ဖြတ်နိုင်ခဲ့ပါတယ်။

အခု ပေးစာမှာ ယနေ့မြန်မာရဲ့ သမိုင်းအကျဉ်း၊ ဒီကနေ့ အခြေအနေနဲ့ ရှေ့လုပ်ငန်းစဉ်များကို တင်ပြသွားမှာ ဖြစ်ပါတယ်။

ယနေ့မြန်မာ (http://burmatoday.net/index_old.htm ) ကို ၂၀၀၁ နိုဝင်ဘာလမှာ စတင် ဖန်တီးခဲ့ပါတယ်။ စတင်စဉ်က 50 Megs ( http://burmatoday.50megs.com/ ) အပါအဝင် Geocities ၊ Netfirms အစရှိတဲ့ အခမဲ့ အင်တာနက်စာမျက်နှာ ဖန်တီးနိုင်တဲ့ ဆာဗာတွေကို အသုံးပြုခဲ့ပါတယ်။ ယနေ့မြန်မာဟာ ၂၀၀၂ မတ်လပိုင်းက စတင်ပြီး လူသိများတဲ့ အင်တာနက် စာမျက်နှာဖြစ်ခဲ့သလို ယနေ့မြန်မာဟာ ပထမဦးဆုံး မြန်မာဘာသာနဲ့ ဖန်တီးတဲ့ သတင်းဆိုင်ရာ အင်တာနက် စာမျက်နှာ ဖြစ်ပါတယ်။

၂၀၀၃ ခုနှစ် ဇန်နဝါရီ ၁ ရက်နေ့မှာ အခု အသုံးပြုနေတဲ့ http://burmatoday.net အင်တာနက်လိပ်စာကို စတင် အသုံးပြုခဲ့ပါတယ်။ မြန်မာပြည် လွတ်မြောက်ရေး ညွန့်ပေါင်းအဖွဲ့ (Free Burma Coalition) မှ ကိုဇာနည်က ဒီ လိပ်စာရဲ့ ပထမသုံးလ ကုန်ကျစရိတ်ကို အကုန်အကျခံခဲ့ပြီး ဒီ လိပ်စာကို ဝယ်ခဲ့သူကတော့ ယနေ့ မိုးမခအင်တာနက် စာမျက်နှာကို ဦးစီး လုပ်ကိုင်နေတဲ့ မောင်ရစ် ဖြစ်ပါတယ်။ သူဟာ အဲဒီအချိန်က My Web Digest ဆိုတဲ့ အင်တာနက်စာမျက်နှာတခုကို ဖန်တီးနေပါတယ်။ ကျွန်တော်တို့အနေနဲ့ စတင် ဖန်တီးကတည်းက ယနေ့မြန်မာ (Burma Today) ကို မြန်မာပြည်သူများ၊ အသိုင်းအဝိုင်းများအကြား ကွန်ရက်တခုအနေနဲ့ ဆောင်ရွက်ခဲ့တဲ့အတွက် .net ကို အသုံးပြုရခြင်း ဖြစ်ပြီး အသုံးပြုရန် အကြံပေးသူက မောင်ရစ် ဖြစ်ပါတယ်။ မောင်ရစ်ဟာ ယနေ့မြန်မာရဲ့ ဆာဗာဆိုင်ရာကိစ္စများကို ၂၀၀၃ ဇန်နဝါရီလမှ ဇွန်လလယ်အထိ ကူညီ ဆောင်ရွက်ပေးခဲ့ပါတယ်။ ၂၀၀၃ ဧပြီလမှာ ကျွန်တော့်ရဲ့ ကွန်ပြူတာ လုံးဝ အသုံးပြုလို့ မရအောင် အတိုက်ခိုက်ခံခဲ့ရပြီးနောက် ၂၀၀၃ မေလအတွင်းက ကိုကျော်အောင်လွင် (လက်ရှိ ဗီအိုအေသတင်းဌာန) နဲ့ မောင်ရစ်တို့ ယနေ့မြန်မာကို အကူအညီ ပေးခဲ့ပါတယ်။

အဲဒီနောက် ၂၀၀၃ ဇွန် ၈ ရက်နေ့မှာ ယနေ့မြန်မာကို ဒီဇိုင်းသစ် (http://burmatoday.net/index_2003.htm ) နဲ့ ပြန်လည် စတင်ခဲ့ပြီး ယနေ့မြန်မာ သတင်းနဲ့ မီဒီယာ (Burma Today News and Media) ဆိုတဲ့အမည်ကို အသုံးပြုခဲ့ပါတယ်။ ၂၀၀၃ နှစ်ပိုင်းမှာ ယနေ့မြန်မာနဲ့ ပတ်သက်ပြီး အကူအညီပေးသူ၊ အကြံပေးသူကတော့ ကဗျာဆရာကြီး တင်မိုး ဖြစ်ပါတယ်။ ၂၀၀၂ နှစ်ကုန်ပိုင်းမှ ၂၀၀၄ နှစ်ဆန်းပိုင်းအထိ ကာလဟာ ယနေ့မြန်မာကို ဖန်တီးခဲ့တဲ့ သမိုင်းတလျှောက်မှာ ကျွန်တော်တို့အတွက် အခက်အခဲဆုံးနဲ့ စိန်ခေါ်မှု အများဆုံး ဖြစ်ပါတယ်။ ယနေ့မြန်မာ ဖန်တီးမှုနဲ့ တစိတ်တပိုင်း ဆက်နွယ်ပြီး အသက်မွေးဝမ်းကျောင်းအတွက် လုပ်ကိုင်နေတဲ့ အလုပ်က ထွက်လိုက်ရသလို ငါးနှစ်လောက် စုဆောင်းထားတဲ့ ငွေကြေးများလည်း အသုံးစရိတ်ထဲ ပါသွားပါတယ်။ ဒါ့အပြင် ယနေ့မြန်မာကိစ္စတွေထဲ လူရော စိတ်ပါနှစ်ပြီး လုပ်ကိုင်ဖြစ်တဲ့အတွက် သမီးရဲ့ မွေးရာပါ မျက်လုံးအားနည်းနေတာကို ၂၀၀၃ နှစ်ကုန်ပိုင်းမှာ သိလိုက်ရပါတယ်။ အဲဒီလို အခက်အခဲတွေကို ဖြတ်ကျော်ရင်း ယနေ့မြန်မာကို ရှင်သန်ဖို့ ဆက်လက် ကြိုးစားနေစဉ် ၂၀၀၄ မတ်လဆန်းပိုင်းမှာ ယနေ့မြန်မာကို ရပ်နားလိုက်ခဲ့ရပါတယ်။

၂၀၀၄ ခုနှစ် နှစ်ကုန်ပိုင်းမှာ ကဗျာဆရာကြီး တင်မိုးနဲ့ မောင်စွမ်းရည်တို့က ယနေ့မြန်မာကို ပြန်လည် ဖန်တီးဖို့ တိုက်တွန်းခဲ့ပါတယ်။ ထို့အတူ မိတ်ဆွေများကလည်း ရုပ်နားရခြင်း အကြောင်းရင်းများကို မေးမြန်းခဲ့ကြပါတယ်။ ကျွန်တော့်အိမ်မှာ ၂၀၀၅ ဧပြီလဆန်းပိုင်းက ကဗျာဆရာကြီး တင်မိုး၊ မောင်စွမ်းရည်၊ စာရေးဆရာ တင်မောင်သန်းတို့နဲ့ ဆုံဖြစ်ကြရင်း စကားစမည် ပြောစဉ် ဦးတင်မိုးက ယနေ့မြန်မာ (Burma Today) ကို ပြန်လည် စတင်ဖို့ အကြံပြုပါတယ်။ မောင်စွမ်းရည်က တတ်နိုင်သမျှ ကူညီ ဖြည့်ဆည်းမယ်လို့ ပြောပါတယ်။ ဆရာတင်မောင်သန်းကတော့ ကုန်ကျစရိတ်နဲ့ အချိန်ပေးလုပ်ကိုင်ရမှုတွေကြောင့် ချင့်ချင့်ချိန်ချိန်နဲ့ပဲ အကြံပြုပါတယ်။ အဲဒီလို တွေ့ဆုံစဉ်အခါက ဆရာကြီး ဦးတင်မိုးနဲ့ မောင်စွမ်းရည်ကို ကိုမျိုးနဲ့ ကိုဖိုးကျော်တို့က ကား အကြိုအပို့ စီစဉ်ပေးခဲ့ပြီး ကိုဖိုးကျော်ကတော့ တနေကုန်နီးပါးနေကာ လိုအပ်တာတွေ ကူညီ ဆောင်ရွက်ပေးပါတယ်။ အဲဒီစကားဝိုင်းကို အခြေပြုကာ ယနေ့မြန်မာကို ၂၀၀၅ မေလမှာ ပြန်လည် စတင်ခဲ့ပါတယ်။ အဲဒီလို စတင်ပြီးနောက် ကျွန်တော်ဟာ ဖွန်လပိုင်းမှာ ၆ ပတ်ခန့် သေလုမျောပါး နေထိုင်မကောင်း ဖြစ်ခဲ့ပါတယ်။ ကိုယ်အပူချိန် ၁၀၈ - ၁၁၀ အထိ ဖြစ်ခဲ့ပြီး ရက်သတ္တ နှစ်ပတ်ခန့် ရုပ်နဲ့ ခန္ဓာ ကွာသွားသလို ခံစားခဲ့ရပါတယ်။ လိပ်ပြာလွင့်တာတို့၊ မျောသွားတာမျိုးတို့ဆိုမျိုးတို့ ဖြစ်မယ်နဲ့ တူပါတယ်။ သို့သော်လည်း ကျန်းမာရေး ပြန်လည် ကောင်းမွန်ချိန်က စတင်လို့ ဒီကနေ့အထိ ယနေ့မြန်မာကို တစိုက်မတ်မတ် လုပ်ကိုင်ခဲ့ပါတယ်။

၂၀၀၅ ခုနှစ်မှ ၂၀၀၈ ကာလများအထိ ယနေ့မြန်မာကို အဓိက အကူအညီပေးခဲ့သူများကတော့ ကိုဖိုးကျော်၊ ကိုဉာဏ်၊ ကိုရန်နိုင်ထွန်းနဲ့ ကိုသားဆွေတို့ ဖြစ်ပါတယ်။ နောက်ပိုင်းမှာ မင်းကြီးညိုလည်း ပါဝင်ကူညီခဲ့ပါတယ်။ အမေရိကန်ပြည်ထောင်စု စီးပွားရေးပျက်ကပ်ရဲ့ ရလဒ်အဖြစ် ၂၀၀၈ ခုနှစ် နှစ်လယ်ပိုင်းမှာ အသက်မွေးဝမ်းကျောင်း ပြုနေတဲ့ အလုပ် ရပ်ဆိုင်းသွားပါတယ်။ အဲဒီအခါက ငွေကြေးငွေ အတန်အသင့် ရလိုက်ပါတယ်။ အဲဒီလို ရရှိတဲ့ ငွေကြေးငွေကို အများအတွက် တစုံတရာ အကျိုးရှိအောင် အသုံးချမယ်လို့ ရည်ရွယ်ရင်း ယနေ့မြန်မာကို အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းအဖြစ် မှတ်ပုံတင် ဖွဲ့စည်းရာမှာ အသုံးပြုခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ ယနေ့မြန်မာကို Burma Today Inc. အဖြစ် မှတ်ပုံတင်ကာ အစိုးရမဟုတ်တဲ့အဖွဲ့အစည်း 501 (c) 3 NGO အဖြစ် ၂၀၀၈ နိုဝင်ဘာ ၁၄ ရက်နေ့မှ စတင် ဖွဲ့စည်းခဲ့နိုင်ပါတယ်။

၂၀၀၇ ခုနှစ်နဲ့ ၂၀၀၈ ခုနှစ်များက ယနေ့မြန်မာကို ဝိုင်းဝန်း ကူညီ လုပ်ကိုင်ခဲ့တဲ့ လူငယ်များဟာ ၂၀၀၈ နှောင်းပိုင်းနဲ့ ၂၀၀၉ ခုနှစ်ကာလများမှာ ဝိုင်းဝန်း ကူညီနိုင်ခြင်း မရှိတော့ပါဘူး။ ယနေ့မြန်မာရဲ့ အဓိကလူငယ် နှစ်ဦးဟာ ၂၀၀၈ နဲ့ ၂၀၀၉ ခုနှစ်များမှာ အဖမ်းခံခဲ့ရသလို အခြား လူငယ်ကွန်ရက်များဟာ ၂၀၀၈ ခုနှစ်ကုန်ပိုင်းမှာ အလုပ်လုပ်ဖို့ ခက်ခဲလာပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့အနေနဲ့ ယနေ့မြန်မာအဖွဲ့ရဲ့ အင်အားတွေ ထပ်မံ စုစည်း ဖွဲ့စည်းခဲ့ရပါတယ်။ အဲဒီလို ဖွဲ့စည်းပြီးတဲ့နောက် ယခုအခါမှာ အယ်ဒီတာ အဖွဲ့ဝင် ငါးဦး၊ ပင်တိုင်နဲ့ အချိန်ပိုင်း သတင်းသမား ၄ ဦး၊ ပြည်သူ့သတင်းထောက်ပေါင်း ၂၀ မှ ၅၀ ခန့်အထိ ပါဝင် ဝိုင်းဝန်း ပံ့ပိုးမှုနဲ့ မြန်မာပြည်ဆိုင်ရာ ၊ မြန်မာအသိုင်းအဝိုင်းနဲ့ နိုင်ငံတကာသတင်းများကို ယနေ့မြန်မာ အင်တာနက်စာမျက်နှာကတဆင့် ဖော်ပြလျက် ရှိပါတယ်။ ထိုသို့ ဖော်ပြလျက် ရှိရာ နေ့စဉ် ကြည့်ရှုသူ ၇,၀၀၀ မှ နှစ်သောင်းအထိ ၊ ယနေ့မြန်မာကို တလအတွင်း ယနေ့မြန်မာကို ပုံမှန် ကြည့်ရှုသူ ၇၀,၀၀၀ ခန့် ရှိပြီး တလအတွင်း အကြိမ်ပေါင်း နှစ်သိန်းခွဲကျော် လာရောက် လည်ပတ်ခဲ့ကာ ခေါက်ရေပေါင်း နှစ်သန်းကျော် ကြည့်ရှုလျက် ရှိပါတယ်။ ယနေ့မြန်မာ ရပ်တည် ရှင်သန်နေခြင်းဟာ ပါဝင်ဆောင်ရွက်ကြသူ အဖွဲ့သားများရဲ့ ဝိုင်းဝန်းပံ့ပိုးမှုသာမက အခုလို စဉ်ဆက်မပြတ် အားပေးကြည့်ရှုနေတဲ့ ပရိသတ်ကြောင့်ဖြစ်တယ် ဆိုတာ ဘယ်လိုမှ ငြင်းလို့မရတဲ့အချက် ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ပရိသတ်ဟာ ယနေ့မြန်မာကို ရေရှည်တည်တံ့အောင် ထောက်ပံ့ အားပေးနေသူများ ဖြစ်ပြီး ကျွန်တော်တို့ ယနေ့မြန်မာ အဖွဲ့သားများကတော့ ယနေ့မြန်မာရဲ့ ပရိသတ်၊ မြန်မာမိသားစုအသိုင်းအဝိုင်းအတွက် တတ်စွမ်းသမျှ ကိုယ်စွမ်းဉာဏ်စွမ်းနဲ့ ဆောင်ရွက်နေကြသူများသာ ဖြစ်ပါတယ်။

ယနေ့မြန်မာကို အသိ၊ အတတ်ပညာများနဲ့ အကူအညီပေးမှုများ ရှိသလို ငွေကြေးဆိုင်ရာ အကူအညီ ပေးသူများလည်း ရှိခဲ့ရာ ၂၀၀၃ ခုနှစ်အတွင်း ကူညီ ထောက်ပံ့ခဲ့သူ နှစ်ဦး ရှိပါတယ်။ ပထမဦး အကူအညီပေးသူကတော့ ဗမာပြည် လွတ်မြောက်ရေး ညွန့်ပေါင်းအဖွဲ့ (Free Burma Coalition) တည်ထောင်သူ ဒေါက်တာဇာနည် ဖြစ်ပါတယ်။ သူက burmatoday.net အင်တာနက်လိပ်စာကို ဝယ်ယူပြီး သုံးလစာအတွက် အကုန်အကျခံခဲ့သလို အမေရိကန်ဒေါ်လာ ၅၀၀ နဲ့ Epson Perfection 1660 Photo Scanner တလုံး လှူဒါန်းခဲ့ပါတယ်။ ဒုတိယတဦးကတော့ အခု ယနေ့မြန်မာရဲ့ အဖွဲ့သားတဦး ဖြစ်နေတဲ့ ကိုဖိုးကျော် ဖြစ်ပါတယ်။ သူကတော့ ယနေ့မြန်မာအတွက် အသုံးပြုဖို့ ဒစ်ဂျစ်တယ် ကင်မရာတလုံး လှူဒါန်းခဲ့ပါတယ်။ အမေရိကန်ပြည်ထောင်စု လော့စ် အိန်ဂျလိစ်မြို့က ဆရာတော် ဦးဂုဏိဿရကတော့ အမေရိကန်ဒေါ်လာ ၁၉၄၃ ဒေါ်လာ ၆၄ ဆင့် တန်ဖိုးရှိ ဆိုနီဗီဒီယိုကင်မရာနဲ့ ဆက်စပ်ပစ္စည်းများကို ၂၀၀၈ ဇူလိုင် ၂၇ ရက်နေ့တွင် ဝယ်ယူ ထောက်ပံ့ခဲ့ပါတယ်။ သာသာနာ့ဥသျှောင် - အပြည်ပြည်ဆိုင်ရာ မြန်မာရဟန်းတော်များအဖွဲ့ချုပ်ကလည်း အကျဉ်းကျသွားတဲ့

ယနေ့မြန်မာရဲဘော်များအတွက်နဲ့ ပြည်တွင်းကိစ္စများတွင် အသုံးပြုဖို့ အမေရိကန်ဒေါ်လာ ၃၀၀၀ ကို ၂၀၀၉ ခုနှစ်အတွင်းမှာ ကူညီခဲ့ပါတယ်။ ထို့အပြင် Open Society Institute အဖွဲ့က ၂၀၀၄၊ ၂၀၀၉၊ ၂၀၁၀၊ ၂၀၁၁ ခုနှစ်များအတွက် အမေရိကန်ဒေါ်လာ ၄၀၀၀ မှ ၅၀၀၀ အတွင်း အကူအညီ ပေးခဲ့ပါတယ်။ မြောက်ကာရိုလိုင်းနားပြည်နယ် ဓမ္မဗိမာန်ကျောင်း ဆရာတော်နဲ့ ကန်တက်ကီပြည်နယ် ဘိုးလင်းဂရင်းမြို့ ဝေဠုမြိုင်တောရကျောင်းများကလည်း အမေရိကန်ဒေါ်လာ ၂၀၀ နဲ့ ၁၀၀ စီ ထောက်ပံ့ခဲ့ပါတယ်။

တကယ်တော့ အောင်မြင်တဲ့ သတင်း အင်တာနက် စာမျက်နှာ ထူထောင်ဖို့ဆိုတာ မလွယ်ကူပါဘူး။ အောင်မြင်အောင် ထူထောင်ပြီး ရေရှည် ဆောင်ရွက်နိုင်အောင် ကြိုးပမ်းရခြင်းဟာလည်း စိန်ခေါ်မှုတရပ် ဖြစ်ပါတယ်။ အမြဲလို ဖွံ့ဖြိုး တိုးတက်နေတဲ့ နည်းပညာ၊ အတတ်ပညာတွေကို မျက်ခြေမပြတ် လေ့လာနေဖို့ လိုအပ်သလို ပါဝင် ကူညီ ဆောင်ရွက်သူတွေရဲ့ ပူးပေါင်း ဆောင်ရွက်မှု၊ ငွေကြေး လိုအပ်ချက်ဟာလည်း အရေးကြီးတဲ့ကဏ္ဍက ပါဝင်နေပါတယ်။ ယနေ့မြန်မာမှာ အင်အားရှိတဲ့ ကူညီ ဆောင်ရွက်သူတွေ ရှိနေသော်လည်း လုပ်ငန်းတခုလုံး ရေရှည် လည်ပတ်ဖို့အတွက် စိန်ခေါ်နေတဲ့ ငွေကြေးလိုအပ်ချက်တွေ ရှိနေပါတယ်။ ယနေ့မြန်မာ ဆက်လက် လုပ်ကိုင်မယ့် ဖွံ့ဖြိုး တိုးတက်နေတဲ့ နည်းပညာနဲ့အညီ အင်တာနက်စာမျက်နှာ တည်ဆောက်ဖို့၊ သတင်းကွန်ယက် ပိုမို ခိုင်ခံ့အောင် ဖွဲ့စည်းဖို့နဲ့ လုပ်ငန်းများ ချောမွေ့အောင် ဆက်လက် ဆောင်ရွက်ဖို့၊ ပြည်တွင်းက လိုအပ်နေသူများကို အကူအညီပေးဖို့အတွက် သာမန်ပြည်သူတဦးဖြစ်တဲ့ ကျွန်တော့်ရဲ့ ငွေကြေး စိုက်ထုတ်မှုဟာ မလုံလောက်နိုင်ပါဘူး။ တကယ်လို့ ယနေ့မြန်မာအဖွဲ့သားများရဲ့ လုပ်အား စိုက်ထုတ်မှုကို မိတ်ဆွေတို့ရဲ့ ငွေကြေး ထောက်ပံ့မှုနဲ့ ပေါင်းစပ်နိုင်မယ်ဆိုရင် ကျွန်တော်တို့ဟာ မြန်မာပြည်သူ၊ မြန်မာလူ့အသိုင်းအဝိုင်းအကျိုးအတွက် ရေရှည် ဆောင်ရွက်နိုင်မှာ ဖြစ်သလို မြန်မာပြည်သူတွေအတွက် ကမ္ဘာ့သတင်း၊ မြန်မာ့သတင်း၊ မြန်မာအသိုင်းအဝိုင်း လှုပ်ရှားမှုတွေကို အချိန်နဲ့ တပြေးညီ ဆက်လက် ဖော်ပြနိုင်မှာ ဖြစ်ပါတယ်။

ယနေ့မြန်မာရဲ့ ပုံမှန်ပရိသတ် ခုနစ်သောင်းခန့်ကနေပြီး အနည်းဆုံးအနေနဲ့ တနှစ်မှာ တဦးကို အမေရိကန်ဒေါ်လာ တဒေါ်လာနှုန်းနဲ့ ဝိုင်းဝန်း ပံ့ပိုးကြရင်ဖြင့် အခက်အခဲကြားကနေ မြန်မာပြည်တွင်းသတင်းများကို အချိန်နဲ့တပြေးညီ ပေးပို့နေတဲ့ ယနေ့မြန်မာရဲ့ ပြည်သူ့သတင်းထောက်များကို အကူအညီ ဖြစ်စေသလို မြန်မာအသိုင်းအဝိုင်းရဲ့ အသိအမြင် ဗဟုသုတ ဖွံ့ဖြိုး တိုးတက်ရေးအတွက်လည်း အထောက်အပံ့ ပြုရာရောက်ပါတယ်။ ကျွန်တော့်အနေနဲ့ တတ်နိုင်တဲ့ စွမ်းအားနဲ့ ယနေ့မြန်မာကို ဆယ်နှစ်ကြာ တည်တံ့အောင် မွေးဖွား သန့်စင်ခဲ့ပါတယ်။ ဆက်လက်ပြီး ယနေ့မြန်မာကို ကမ္ဘာတည်သရွေ့ တည်တံ့အောင် မိတ်ဆွေများအနေနဲ့ ရေရှည် ပံ့ပိုးကြလိမ့်မယ်လို့ ယုံကြည်ပါတယ်။

လေးစားလျက်

မြင့်လှိုင်
ဧပြီ ၁ ရက်၊ ၂၀၁၁